ミャンマー語

# လုပ်သားများသို့ လုပ်ငန်းခွင်မှာစိတ်ဒုက္ခရောက်နေပါသလား?

**ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ ကလေးစောင့်ရှောက်ရန်ခွင့်ယူခြင်းစသည်တို့ကိုအကြောင်းပြု၍အလုပ်ဖြုတ်ခြင်းကဲ့သို့သောအကျိုးမဲ့စေရန်လုပ်ဆောင်မှုများအားဥပဒေဖြင့်တားမြစ်ထားပါသည်။**

⚠ ဂျပန်လူမျိုးလုပ်သားများ၊ နိုင်ငံခြားသားလုပ်သားများ(မည်သည့်ဗီဇာ)မဆို၊ **「ကိုယ်ဝန်ရှိလာခြင်းကြောင့်အလုပ်ဖြုတ်ခြင်း」 သည်ဥပဒေချိုးဖောက်ခြင်း** ဖြစ်ပါသည်!

「မီးဖွားခွင့်၊ကလေးစောင့်ရှောက်ခွင့်ကိုယူခွင့်မပြုဘူး」 လို့အပြောခံခဲ့ရတယ်။

「အချိန်တိုအလုပ်လုပ်တဲ့စနစ်ကိုအသုံးပြုမယ်ဆိုရင်အချိန်ပိုင်းလုပ်သားလုပ်ပါ」 လို့အပြောခံခဲ့ရတယ်။

ကလေးစောင့်ရှောက်ခွင့်ယူလိုက်တဲ့အတွက်ရာထူးချခြင်းခံခဲ့ရတယ်။

မီးမဖွားမီနှင့်မီးဖွားပြီးနောက်ကလေးစောင့်ရှောက်ခွင့်ယူလိုက်တဲ့အတွက်ကြောင့်လခအလျှော့ခံခဲ့ရတယ်။

ကိုယ်ဝန်ရှိကြောင်းပြောလိုက်တဲ့အတွက် 「ဗီဇာသက်တမ်းတိုးဖို့အတွက်မဆောင်ရွက်ပေးနိုင်ဘူး」 လို့အပြောခံခဲ့ရတယ်။

「မိခင်၏ကျန်းမာရေးထိန်းသိမ်းရန်စီမံဆောင်ရွက်ချက်」 ကိုအသုံးပြု၍အလုပ်မှခွင့်ယူလိုက်လို့အလုပ်ဖြုတ်ခံခဲ့ရတယ်။

ဥပမာ・・・

ဤကဲ့သို့သောအချက်တွေကိုအကြောင်းပြု၍

- ကိုယ်ဝန်ရှိတယ်၊ မီးဖွားတယ်
- ကိုယ်ဝန်ရှိပြီးမအီမသာဖြစ်လို့အလုပ်မှခွင့်ယူခဲ့တယ်
- မီးမဖွားမီနှင့်မီးဖွားပီးနောက်အလုပ်မှခွင့်ယူခဲ့တယ်စသဖြင့်

→

ဤကဲ့သို့လုပ်ဆောင်ခြင်းခံခဲ့ရတယ်ဆိုရင်ဤကဲ့သို့လုပ်ဆောင်ခြင်းသည်ဥပဒေချိုးဖောက်ခြင်းဖြစ်ပါသည်!

- အလုပ်ဖြုတ်ခံခဲ့ရတယ်
- ဗီဇာသက်တမ်းမတိုးပေးခဲ့ပါ
- လခအလျှော့ခံခဲ့ရတယ် စသည်ဖြင့်

「မီးဖွားပြီးနောက်(ကလေးပြုစုစောင့်ရှောက်ခွင့်ယူပြီးနောက်ပိုင်းတွင်)လည်းအလုပ်ကိုဆက်လုပ်ချင်တယ်!」 လို့ကုမ္ပဏီကိုတိတိကျကျဆန္ဒရှိကြောင်းကိုပြောကြစို့။

**ကိုယ်ဝန်ဆောင်ခြင်းနှင့်မီးဖွားစဉ်တွင်အသုံးပြုနိုင်သည့်စနစ်နှင့်ပတ်သက်၍ကျောဘက်စာမျက်နှာသို့**

ထို့အပြင်・・・

လုပ်ငန်းခွင်တွင်ဒုက္ခပေးနှောင့်ယှက်မှုကြောင့်ဒုက္ခရောက်နေခဲ့လျှင်လက်ကမ်းစာစောင်နောက်တစောင်ကိုစစ်ဆေးကြည့်ရှုပါ။

ひと、くらし、みらいのために
厚生労働省
Ministry of Health, Labour and Welfare
မြို့တော်နှင့်စီရင်စုအလုပ်သမားရေးရာဌာန၊
အလုပ်ခန့်ထားရေးပတ်ဝန်းကျင်တန်းတူညီမျှရေးဌာန(ရုံးခန်း)

# ကိုယ်ဝန်ဆောင်-မီးဖွားခြင်း၊ကလေးပြုစုစောင့်ရှောက်ရန်အတွက်အသုံးပြုနိုင်သည့်စနစ် ※

| ကိုယ်ဝန်ဆောင်-မီးဖွားသည့်အမျိုးသမီးလုပ်သားက အသုံးပြုနိုင်သည့်စနစ်နှင့်စီမံဆောင်ရွက်ချက် | ကလေးပြုစုစောင့်ရှောက်နေသည့်အမျိုးသားအမျိုးသမီးလုပ်သားများအနေဖြင့်အသုံးပြုနိုင်သည့်စနစ်နှင့်စီမံဆောင်ရွက်ချက်(တစ်စိတ်တစ်ပိုင်း) |
|---|---|

## ကိုယ်ဝန်ဆောင်-မီးဖွားသည့်အမျိုးသမီးလုပ်သားက အသုံးပြုနိုင်သည့်စနစ်နှင့်စီမံဆောင်ရွက်ချက်

**◆မီးမဖွားမီနှင့်မီးဖွားပြီးနောက်အလုပ်မှအနားယူခြင်း**
မီးဖွားရန်လျာထားသည့်ရက်မတိုင်မီ ၆ပတ်မှစ၍ခွင့်ယူနိုင်သည်။
မီးဖွားပြီးနောက်တွင်အခြေခံအားဖြင့် ၈ ပတ်အလုပ်လုပ်၍မရပေ။

**◆သက်သာသည့်အလုပ်သို့ပြောင်းခြင်း**
ကိုယ်ဝန်ဆောင်နေစဉ်တွင်အခြားသောသက်သာသည့်အလုပ်သို့ပြောင်းပေးရန်တောင်းဆိုနိုင်သည်။

**◆မိခင်၏ကျန်းမာရေးထိန်းသိမ်းရန်စီမံဆောင်ရွက်ခြင်း**
ကိုယ်ဝန်ဆောင်များ၏ကျန်းမာရေးစစ်ဆေးသည့်ဆရာဝန်စသည်တို့မှ လိုက်နာရန်ညွှန်ကြားချက်ရှိခဲ့လျှင်၊ ကုမ္ပဏီသို့တင်ပြ၍လိုက်နာဆောင်ရွက်ကြပါစို့။

**◆အန္တရာယ်များသည့်လုပ်ငန်းတွင်လုပ်ဆောင်ရန်ကန့်သတ်ခြင်း**
လေးပင်သည့်ပစ္စည်းများကိုင်တွယ်ဆောင်ရွက်ရသည့်အလုပ်၊အဆိပ်ငွေ့ပျံ့လွင့်သည့်နေရာများတွင်လုပ်ရသည့်အလုပ်များတွင်အမျိုးသမီးများမလုပ်ရ။

**◆ကလေးပြုစုစောင့်ရှောက်သည့်အချိန်**
ကလေး ၁ နှစ်မပြည့်သေးသည့်အမျိုးသမီးသည် နားချိန်အပြင် ၁ နေ့လျှင် ၂ ကြိမ်အထိ မိနစ် ၃၀ စီ ကလေးစောင့်ရှောက်ရန်အတွက်နားချိန်ပေးရန်တောင်းဆိုနိုင်ပါသည်။။

**◆အချိန်ပို၊ အလုပ်ပိတ်ရက်တွင်အလုပ်လုပ်ခြင်း ၊ညဥ့်နက်သန်းခေါင်အလုပ်လုပ်ခြင်းဆိုင်ရာကန့်သတ်ခြင်း။**
အချိန်ပို၊ အလုပ်ပိတ်ရက်တွင်အလုပ်လုပ်ခြင်း၊ ညဥ့်နက်သန်းခေါင်တွင်အလုပ်လုပ်ခြင်းအတွက်လွတ်ငြိမ်းခွင့်ပေးရန်တောင်းဆိုခြင်းများပြုလုပ်နိုင်ပါသည်။

## ကလေးပြုစုစောင့်ရှောက်နေသည့်အမျိုးသားအမျိုးသမီးလုပ်သားများအနေဖြင့်အသုံးပြုနိုင်သည့်စနစ်နှင့်စီမံဆောင်ရွက်ချက်(တစ်စိတ်တစ်ပိုင်း)

**◆ကလေးပြုစုစောင့်ရှောက်ရန်အတွက်အလုပ်မှခွင့်ယူခြင်း**
အခြေခံအားဖြင့် ကလေး ၁နှစ်ပြည့်သည့်မွေးနေ့မတိုင်မီနေ့အထိခွင့်ယူနိုင်သည်။ခွင့်ကို ၂ကြိမ်ခွဲ၍ယူခြင်းလည်းပြုလုပ်နိုင်ပါသည်။

**◆မီးဖွားပြီးနောက်ဖခင်၏ကလေးစောင့်ရှောက်ရန်ခွင့်ယူခြင်း (မွေးကင်းစကလေးစောင့်ရှောက်ရန်ခွင့်ယူခြင်း)**
ကလေးမီးဖွားပြီးနောက် ၈ပတ်အတွင်း ၄ပတ်အထိ၊ ၂ကြိမ်အထိခွဲ၍ ကလေးပြုစုစောင့်ရှောက်ခွင့်မဟုတ်သည့်အခြားခွင့်အဖြစ်ခွင့်ယူနိုင်ပါသည်။

**◆ကလေးစောင့်ရှောက်ရန်အချိန်တိုအလုပ်လုပ်ခြင်း**
၃ နှစ်မပြည့်သေးသည့်ကလေးကိုပြုစုပျိုးထောင်နေသည့်ဝန်ထမ်းက ဆန္ဒရှိလျှင်အသုံးပြုနိုင်သည့်အချိန်တိုအလုပ်လုပ်ခြင်းစနစ်ရှိပါသည်။

**◆နေမကောင်းသည့်ကလေးစောင့်ရှောက်ရန်ခွင့်ယူခြင်း**
မူလတန်းကျောင်းမတက်ရသေးသည့်ကလေးကိုကျွေးမွေးပြုစုစောင့်ရှောက်နေသည့်ဝန်ထမ်းသည်ရောဂါနှင့်ဒဏ်ရာရသည့်ကလေးအားလူနာစောင့်ခြင်းစသည်တို့ကိုဆောင်ရွက်ရန်အတွက် ၁နှစ်လျှင် ၅ရက်အထိ(ကလေး ၂ယောက်ကျော်ရှိလျှင် ၁၀ရက်အထိ)၊ ၁နာရီစီခွင့်ရယူနိုင်ပါသည်။

**◆သတ်မှတ်ချိန်ထက်ပို၍အလုပ်လုပ်ခြင်းဆိုင်ရာကန့်သတ်ခြင်း**
၃နှစ်မပြည့်သေးသည့်ကလေးအားကျွေးမွေးပြုစုနေသည့်ဝန်ထမ်းသည်သတ်မှတ်ချိန်ထက်ပို၍အလုပ်လုပ်ခြင်း(အချိန်ပိုလုပ်ခြင်း)နှင့်ပတ်သက်၍ကင်းလွတ်ခွင့်ပေးရန်တောင်းဆိုခြင်းပြုလုပ်နိုင်ပါသည်။

※စနစ်နှင့်ပတ်သက်၍ရှင်းလင်းခြင်းသည်အတိုချုပ်ဖြစ်ပါသည်။အသေးစိတ်သိလိုသည့်အချက်အလက်များကိုကုမ္ပဏီနှင့်အလုပ်သမားရေးရာဌာနသို့စုံစမ်းပါရန်။ စနစ်နှင့်ပတ်သက်၍အသေးစိတ်သိလိုလျှင် သို့မဟုတ်ကိုယ်ဝန်ဆောင်-မီးဖွားခြင်း၊ကလေးပြုစုစောင့်ရှောက်ရန်ခွင့်ယူခြင်းစသည်တို့နှင့်ပတ်သက်သည့်ပြဿနာဖြစ်ပေါ်လျှင် မြို့တော်နှင့်စီရင်စုအလုပ်သမားရေးရာဌာန၊ အလုပ်သမားခန့်ထားရေးပတ်ဝန်းကျင်တန်းတူညီမျှရေးဌာန(ရုံးခန်း) သို့စုံစမ်းမေးမြန်းပါရန်။ စုံစမ်းမေးမြန်းခြင်းနှင့်ပတ်သက်၍အမည်မဖော်လိုသူဖြစ်လျှင်လည်းလက်ခံဆွေးနွေးပါသည်။တိုင်ပင်ဆွေးနွေးလာသူ၏ကိုယ်ပိုင်အခွင့်အရေးကိုတိကျစွာလိုက်နာစောင့်ထိန်းပါမည်။ ထို့အပြင် ဆန္ဒရှိခဲ့လျှင်ကုမ္ပဏီအားဥပဒေနှင့်စနစ်များအကြောင်းရှင်းပြခြင်းများလည်းပြုလုပ်နိုင်ပါသည်။

## မြို့တော်နှင့်စီရင်စုအလုပ်သမားရေးရာဌာန၊ အလုပ်ခန့်ထားရေးပတ်ဝန်းကျင်တန်းတူညီမျှရေးဌာန(ရုံးခန်း)ဖုန်းနံပါတ်စာရင်း

| မြို့တော်နှင့်စီရင်စုများ | ဖုန်းနံပါတ် | မြို့တော်နှင့်စီရင်စုများ | ဖုန်းနံပါတ် | မြို့တော်နှင့်စီရင်စုများ | ဖုန်းနံပါတ် | မြို့တော်နှင့်စီရင်စုများ | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ဟော့ကိုင်းဒိုး | ၀၁၁-၇၀၉-၂၇၁၅ | တိုကျို | ၀၃-၃၅၁၂-၁၆၁၁ | ရှီဂ | ၀၇၇-၅၂၃-၁၁၉၀ | ခဂါဝ | ၀၈၇-၈၁၁-၈၉၂၄ |
| အအိုးမိုရိ | ၀၁၇-၇၃၄-၄၂၁၁ | ခနဂဝ | ၀၄၅-၂၁၁-၇၃၈၀ | တိုကျို | ၀၇၅-၂၄၁-၃၂၁၂ | အဲဟိမယ် | ၀၈၉-၉၃၅-၅၂၂၂ |
| အိဝတေ့ | ၀၁၉-၆၀၄-၃၀၁၀ | နီအိဂတ | ၀၂၅-၂၈၈-၃၅၁၁ | အိုဆာကာ | ၀၆-၆၉၄၁-၈၉၄၀ | ကိုးချိ | ၀၈၈-၈၈၅-၆၀၄၁ |
| မိရဂိ | ၀၂၂-၂၉၉-၈၈၄၄ | တိုယာမ | ၀၇၆-၄၃၂-၂၇၄၀ | ဟိရောဂိုး | ၀၇၈-၃၆၇-၀၈၂၀ | ဖုကုအိုက | ၀၉၂-၄၁၁-၄၈၉၄ |
| အခိတ | ၀၁၈-၈၆၂-၆၆၈၄ | အိရှိဂဝ | ၀၇၆-၂၆၅-၄၄၂၉ | နရ | ၀၇၄၂-၃၂-၀၂၁၀ | စဂ | ၀၉၅၂-၃၂-၇၁၆၇ |
| ယမဂတ | ၀၂၃-၆၂၄-၈၂၂၈ | ဖုကုအိ | ၀၇၇၆-၂၂-၃၉၄၇ | ဝါကယမ | ၀၇၃-၄၈၈-၁၁၇၀ | နာဂစခိ | ၀၉၅-၈၀၁-၀၀၅၀ |
| ဖုကုရှိမ | ၀၂၄-၅၃၆-၄၆၀၉ | ယာမနရှိ | ၀၅၅-၂၂၅-၂၈၅၁ | တိုတိုးရိ | ၀၈၅၇-၂၉-၁၇၀၉ | ကုမမိုတို | ၀၉၆-၃၅၂-၃၈၆၅ |
| အီဘရခိ | ၀၂၉-၂၇၇-၈၂၉၅ | နာဂနို | ၀၂၆-၂၂၃-၀၅၅၁ | ရှိမနဲ့ | ၀၈၅၂-၃၁-၁၁၆၁ | အိုးအိတ | ၀၉၇-၅၃၂-၄၀၂၅ |
| တိုချိဂီ | ၀၂၈-၆၃၃-၂၇၉၅ | ဂိဖု | ၀၅၈-၂၄၅-၁၅၅၀ | အိုခယမ | ၀၈၆-၂၂၅-၂၀၁၇ | မိယဇခိ | ၀၉၈၅-၃၈-၈၈၂၁ |
| ဂွန်းမ | ၀၂၇-၈၉၆-၄၇၃၉ | ရှီဇုအိုက | ၀၅၄-၂၅၂-၅၃၁၀ | ဟီရိုရှီးမား | ၀၈၂-၂၂၁-၉၂၄၇ | ခဂိုးရှိမ | ၀၉၉-၂၂၃-၈၂၃၉ |
| စိုက်တမ | ၀၄၈-၆၀၀-၆၂၁၀ | အအိချိ | ၀၅၂-၈၅၇-၀၃၁၂ | ယမဂုချိ | ၀၈၃-၉၉၅-၀၃၉၀ | အိုကီနာဝ | ၀၉၈-၈၆၈-၄၃၈၀ |
| ချိဘ | ၀၄၃-၂၂၁-၂၃၀၇ | မိအဲ | ၀၅၉-၂၂၆-၂၃၁၈ | တိုကုရှိမ | ၀၈၈-၆၅၂-၂၇၁၈ | | |

လက်ခံသည့်အချိန် - ၈နာရီ ၃၀မိနစ်～ ၁၇နာရီ၁၅မိနစ်(စနေ၊ တနင်္ဂနွေ၊ နှစ်ကုန်နှစ်သစ်မပါ)

【ကိုးကား】 ကျားမအလုပ်ခန့်ထားခြင်းဆိုင်ရာအခွင့်အရေးတန်းတူညီမျှမှုဥပဒေအကျဉ်းချုပ်

အင်္ဂလိပ်ဘာသာစကား　တရုတ်ဘာသာစကား　ပေါ်တူဂီဘာသာစကား　ဗီယက်နာမ်ဘာသာစကား　ဂျပန်ဘာသာစကား

令和５年３月作成 不利益取扱禁止（ミャンマー語）